## နိုင်ငံတကာ ခရစ်ယာန်သာသနာနှင့် အနာဂါတ် အလားအလာ

၂၁ ရာစု၏ အစပိုင်းတွင် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ တိတယ ခရစ်ယာန် အများဆုံးနိုင်ငံဟု ခန့်မှန်းရပေ သည်။ အနာဂါတ်၌ ခရစ်ယာန်ဘာသာသည် တဖြေးဖြေးနှင့် တရုတ်–ပင်မ ဘာသာဖြစ်လာနိုင်ဘွယ်ရှိပေသည်။

"စိတ်စွဲလွန်း၍ မှားကောင်းမှားနိုင်သော်လည်း ကျွန်ုပ် မချင့်မရဲဖြစ်နေသည်မှာ ဤမှ နောက်မျိုးဆက် နှစ်ဆက် တွင် ခရစ်ယာန်ဘာသာသည် တရုတ်ပြည်၏ ပင်မ ဘာသာဖြစ်လာနိုင်ပေသည်။ ဥရောပတွင် အေဒီ ၈ ရာစုမှ ၁၁ ရာစုတွင် ဖြစ်ခဲ့သော အဖြစ်၊ အမေရိကန်တွင် လွန်ခဲ့သော နှစ် ၂၀၀ အတွင်း အီဗင်ဂျလီကယ်တို့၏ ပင်မမြေ ဖြစ်ခဲ့သကဲ့သို့ တရုတ်သည် ၂၁ ရာစု တွင် ဖြစ်လာနိုင်ဘွယ်ရှိ၏။ အကယ်၍ ဤသို့ဖြစ်ခဲ့သော် ကျွန်ုပ်တို့၏ သိထားသည်များကို ကျော်လွန်၍ ကမ္ဘာကြီးသည် ပြောင်းလည်း သွားပေလိမ့်မည်။ ပြောင်းရွှေ့လာသော နှန်းထားကြောင့် အနောက်နိုင်ငံများသို့ အစ္စလာမ်များ ရောက်ရှိလာလျှက် အစ္စလာမ်များက ဖုံးလွှမ်းသွားပြီး၊ အရှေ့ အနောက် ပြောင်းပြန် ပြောင်းလဲသွားမည်ပင်။" ဟု **စပင်ဂလာ** ကဆိုထားပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com